
ဝန်ဇင်း
Read on the move
သျှင်မ
သူညွှန်သမျှ ပန်းတို့ပွင့်စေ

# အခန်း (၁)

"၅ ကကို ဘယ်သူမောင်းတာလဲ"

"ဦးဘစိုး မောင်းတာပါ သူဌေး"

ဖြေသည့်သူကို တစ်ချက်လှမ်းကြည့်ပြီး ရီဂျက်စတာမှာ စစ်ကြည့်တော့ ပျက်ထားသည့်နေ့တွေ မနည်းမနော။ မျက်လုံးနဲ့ ကြည့်ရာကနေ ဘောလ်ပင်န်ထိပ်ဖျားနဲ့ လိုက်ထောက်ကြည့်လိုက်သည် ။

ဆက်တိုက်ပျက်တာ သုံးရက်၊ တစ်ရက်ခြားပြီး သုံးရက်ပျက်ထားသည် ။ အောက်မှာ နှစ်ရက်ဆက်တိုက်ပြီးတော့ ဒီနေ့...၊ သူ မျက်နှာပြန်မော့လိုက်တော့ တစ်ခုခုဖြေချင်နေပုံရှိသည့် မျက်နှာတစ်ခုက သူ့ရှေ့တောင်ရောက်နေပြီဖြစ်သည် ။

ဒါပေမဲ့ သူမေးမှ ပြောရဲမှာ မို့ ဒီတိုင်းရပ်လျက်နေ၏။

"ဒီမှာ ဘယ်လိုဖြစ်တာလဲ၊ ဦးဘစိုးဆိုတာ အရပ်မြင့်မြင့်၊ အမြဲတမ်းကွမ်းယာဝါးနေတဲ့ လူကြီးမဟုတ်လား"

"ဟုတ်ပါတယ် သူဌေး"

"သူ ဒီလောက်ပျက်နေတာ သူမောင်းနေတဲ့ ၅ကကို ဘယ်လိုသွားထိုးထားသလဲ၊ မန်နေဂျာကိုခေါ်လိုက်"

"ဟို... ဒီလိုပါ သူဌေး"

"ပြော"

"ဦးဘစိုးက အရက် အရမ်းသောက်ပါတယ်"

"သိသားပဲ၊ အဲဒီပုံစံမျိုးကို…"

"သူက အထည်ကြီးပျက်ဆိုတော့…"

"ကိုထွန်း"

သူ ခပ်ဆတ်ဆတ်ခေါ်လိုက်သဖြင့် ကိုထွန်း ပျာပျာသလဲပုံစံဖြစ်သွား၏။

"ဒီလိုပါ ဆရာ၊ ကျွန်တော်က မဆိုင်တာတွေ ပြောနေတာမဟုတ်ပါဘူး။ ဒီလူကြီးက အရက်ဂျိုးဆိုပေမယ့် စာရိတ္တ အရမ်းကောင်းပါတယ်၊ သူပျက်တဲ့ ရက်တွေကို ကျွန်တော်တို့ ထဲက အခေါက်ပိုဆွဲခွင့်ရတဲ့ သူတွေတောင်မှ အပိုမဆွဲဘဲ သူ့အတွက် ဝင်ဆွဲပေးကြတာပါ၊ ဒါပေမဲ့ မန်နေဂျာက ရီဂျက်စတာမှာ ဖြည့်မပေးပါဘူး"

သခင် မျက်မှောင်ကြုတ်သွားသည် ။ မန်နေဂျာဦးကြွယ်ဝ၏ သည်းခံမှုနည်းပါးလွန်းသည့် စိတ်ဓာတ်ကိုတော့ သူသိထား၏။ ဒေါ်လေးယောက်ျားက ဆွေနီးမျိုးစပ်တော်သူမို့ အခွင့်အရေးယူနေတာကိုသိပေမယ့် နေရာတကာ မပြောချင်လို့ ကြည့်နေခဲ့တာပါ။

ပြီးတော့ ယောက်ျားဘက်က ဆွေမျိုးမို့ ယောက်ျားမရှိတော့သည့်အချိန်မှာ သူစိမ်းပဲဖြစ်သည် ။

ဒေါ်လေးကတော့ လုပ်ငန်းကိစ္စတွေမှာ ဘာမှ ဝင် မပါဘူးပေ၊ ဦးကြွယ်ဝအတွက်လည်း ညှာတာလိုက်ပါ၊ စာနာလိုက်ပါဆိုတာမျိုး ပြောခဲ့ဖူးတာမရှိ၊ ဒီလူကြီးနဲ့ ပတ်သက်ပြီး လွတ်လပ်စွာ စီရင်ဖို့ အတွက် သူ့ဘက်မှာ ငဲ့စရာအကြောင်းတော့ မရှိပါ။

"အင်း… ဆက်ပြောပါဦး"

"ဦးဘစိုးက ရောဂါသည် ပါ သူဌေးရယ်၊ အထည်ကြီးပျက်ပေမယ့် ချွေးဒီးဒီးကျအောင် ငွေရှာတဲ့ သူပါ၊ ဟို… အရက်… အရက်သောက်တာ တစ်ခုက လွဲရင်ပေါ့ခင်ဗျာ၊ သူ့မှာ သမီးလေးတစ်ယောက်လဲရှိပါတယ်၊ အဲဒီကောင်မလေးက…"

"ဦးဘစိုးအကြောင်းကနေ ဘာဖြစ်လို့ ဘယ်ရောက်သွားတာလဲ၊ ခင်ဗျားကို ဦးဘစိုးနဲ့ ၅ကအကြောင်း လိုရင်းတိုရှင်း ဖြေခိုင်းနေတာ"

"ဒီလိုပါ သူဌေး"

ဘေးစားပွဲမှာ ထိုင်နေသည့် နယ်ကိုယ်စားလှယ်ကိုစိန်က ထ လာပြီး ကိုထွန်းဘေးမှာ ဝင်ရပ်လိုက်ကာ…

"အခု ဦးဘစိုး အရမ်းနေမကောင်းဖြစ်နေလို့ သူ့သမီးက…"

"လာပြန်ပြီ သူ့သမီး"

သခင့်မျက်နှာ ရဲခနဲဖြစ်သွားသည် ။ စားပွဲကို လက်သီးဆုပ်နှင့် ထုပစ်လိုက်သည် အထိဖြစ်ကာ…

"တော်ပြီ၊ သွားကြတော့…"

ကိုထွန်း မျက်နှာငယ်သွားသည် ။ ကိုစိန်ကတော့ သတ္တိတွေကို တော်တော်စုစည်း၍ တစ်ခုခုပြောနိုင်ဖို့ ကြိုးစားကာ …

"အဲဒါက ပြောမှ ဖြစ်မှာ မို့ပါ သူဌေးရယ်၊ သူ့အဖေအတွက်…"

"ကိုစိန်… ခင်ဗျား တော်တော်သတ္တိကောင်းပါလား"

ကိုစိန် ခေါင်းငုံ့သွားသည် ။

"တောက်"

သခင် စားပွဲကနေ ဆတ်ခနဲထရပ်လိုက်သည် ။

"သူ့သမီးနဲ့ သူ့အဖေ ဂရုစိုက်ကြတာ၊ ကြင်နာကြတာတွေ ဒီမှာ ဘာလုပ်ဖို့ လဲ၊ ကျွန်တော်လိုချင်တာက ဦးဘစိုးအိမ်ထဲကအကြောင်း မဟုတ်ဘူး ၊ အခု ဒီလောက်ထိ ရက်တွေပျက်ထားတယ်၊ နောက်ထပ် ဘယ်လောက်ပျက်ဖို့ တွေရှိနေသလဲ... အဲဒါ..."

ကိုစိန် ဘာမှ မပြောနိုင်။ ကိုထွန်းဆီကိုမရောက်သောအကြည့်တစ်ချက်က ခေါင်းငုံ့ထားရင်း ဝေ့သွားသေးသည် ။ ကိုထွန်းကတော့ တုတ်တုတ်မျှပင်မလှုပ်ရဲပေ။

"ကောင်းပြီ၊ ခင်ဗျားတို့ မပြောနိုင်ရင် ကျွန်တော်ပြောမယ်၊ မနက်ဖြန် ဦးဘစိုး မဆင်းတာနဲ့ ၅ကကိုပြန်သိမ်း၊ ဆိုဒ်တူးက ဒရိုင်ဘာတစ်ယောက် အားနေတယ်၊ ၅ကကို လွှဲပေးလိုက်"

ကိုစိန် ဆတ်ခနဲမော့လာသည် ။ စိုးရိမ်စိတ်တွေဖြစ်သွားပေမယ့် သခင့်ကို တစ်ခုခုထပ်ပြောပြီး စောဒကတက်ရဲသည့်ခွန်အားတော့ သူ့မှာ မရှိပါ။

TTကုမ္ပဏီလုပ်ငန်းကြီးတစ်ခုလုံးကို သခင် ထူထောင်လာခဲ့သမျှမှာ စက်ပိုင်းဆိုင်ရာကိစ္စမှန်သမျှကို သူကိုယ်တိုင်ဝင်၊ သူကိုယ်တိုင်ပြင်သည် ။ ကုမ္ပဏီကြီးတစ်ခု ဖြစ်မြောက်မလာခင်ဘဝမှာ အလုပ်ရှင် အလုပ်သမား ခွဲခြားမရလောက်အောင် သခင်က လုပ်ငန်းထဲမှာ ပဲ စိတ်ရောကိုယ်ပါ နှစ်မြုပ်ထားတဲ့ သူ ဖြစ်၏။

သူ့ဘဝ ဘယ်လိုစခဲ့မှန်းမသိပေမယ့် ဟိုတုန်းက သူဌေးသားပေါက်စဆိုသည့် ဘဝမှာ ကတည်းက သခင်က သူဌေးသားလိုမနေ၊ မိသားစုဆိုတာ ရှိပေမယ့်လည်း ဘယ်မိသားစုဝင် တစ်ယောက်တလေနှင့်မှ ထွေး

ရောယှက်တင်နေထိုင်ပြောဆိုတာ မတွေ့ခဲ့ဖူးပါ။

အမြဲတမ်းတင်းမာနေသည့်မျက်နှာနှင့် ပြောဆိုလိုက်တိုင်း မညင်သာ ၊ ပါးစပ်က မချိုသော်လည်း လက်တော့ဖွာ၏။ အလုပ်သမားတွေအပေါ် တစ်ခါတစ်ခါများ ဖိနှိပ်ပြောဆိုသလို ရှိတတ်ပေမယ့် အကျိုးအကြောင်းဖြစ်လာသည့်အခါ ရက်ရောစွာပေးကမ်းကူညီခဲ့၏။

ထို့ကြောင့် သူ့အပေါ်မှာ ဆို အလုပ်သမားတော်တော်များများက နားလည်ကြပါသည် ။

သခင်သည် စိတ်ဆတ်၏။ အပြောဆိုးသည် ။ ခွင့်မလွှတ်တတ်သည့်အခါ ညှာတာခဲ့သည့်ထုံးစံ မရှိသူဖြစ်သည် ။ ဒါက သူ့သမိုင်း၊ သူ့ရာဇဝင် ။

ဘယ်သူ နားလည်လည် မလည်လည် သခင်က ဂရုမစိုက်ပေ။ သူနေတာက သူများ နားလည်ဖို့ မဟုတ်ဘဲ ကိုယ်လုပ်စရာရှိတာကို လုပ်သွားခြင်းသာဖြစ်သည် ။ ဒီလမ်းကြောင်းပေါ်မှာ မလိုသူသွား၊ လိုသူနား ဒါပဲဖြစ်သည် ။

ကိုယ်ဖြစ်စေချင်နေတာကို ဒီလောက်ပြောနေတာတောင်မှ စောဒကတက်ဖို့ ကြိုးစားနေသည့် ကိုစိန့်အပေါ်မှာ ဖြစ်သည့်ဒေါသက အပြင်ရောက်တဲ့ အထိ အရှိန်မသေ။

အထိတ်တလန့်မော့ကြည့်လာကြသည့် မျက်နှာတွေကို ကျော်လွှားကာ အပြင်တံခါးကို ဆွဲဖွင့်လိုက်ပြီး ထွက်လိုက်သည် တွင် ...

"အား.."

"ဟာ..."

နှစ်ယောက်စလုံး အင့်ခနဲဖြစ်သွားသဖြင့် တိုက်မိသည့်အရှိန်က မ

သေးပေ။ ပြီးတော့ တစ်ဖက်ကတစ်ယောက်သည် မိန်းကလေးမှန်း သူသိလိုက်၏။ ဘာရယ်မဟုတ်ဘဲ လက်က ပုံဆိုးပန်းဆိုး လန်ကျမလိုဖြစ်သွားသည့် သူမ၏ လက်မောင်းအား ဖမ်းဆွဲလိုက်ပြီးသားဖြစ်သွားသည် ။

"ဘယ်လိုဖြစ်တာလဲ"

မိန်းကလေးပေမယ့် နူးညံ့ရကောင်းမှန်းမသိတတ်နေကျ သူ့နှုတ်ဖျားက မျက်နှာတင်းတင်းကို အကူခေါ်လိုက်၍ ကျကျနနတိုက်ပွဲပြင်၏။ သူမသည် ခေါင်းလည်း မူးသွားပုံပေါ်၏။ ခြေထောက်တစ်ဖက်ကို ငုံ့တကြည့်ကြည့်နှင့် မျက်နှာလေးမဲ့နေသဖြင့် ခြေထောက်ချင်း ဖိကြိတ်မိသွားပုံလည်း ပေါ်သည် ။

ဒါပေမဲ့ သူမသည် သခင့်ကို စိတ်ဆိုးပုံမပြဘဲ တစ်ခုခုကို အရေးတကြီးမေးမြန်းလိုခြင်းသာ ဖြစ်ပုံရလျက်...

"ဒီမှာ ရှင်က TTကုမ္ပဏီပိုင်ရှင်သူဌေး 'သုသခင်'ဆိုတာလား"

သခင်က သူမကို စူးခနဲကြည့်၍ ကွေ့ရှောင်ထွက်သွား၏။

"နေပါဦး၊ ကျွန်မက ဦးဘစိုးရဲ့ သမီးပါ"

ပြေးလိုက်လာလို့ မဟုတ်ပါ။ ဦးဘစိုးရဲ့ သမီးဟု ကြားလိုက်သဖြင့် သခင့်ခြေလှမ်း တုံ့သွားသည် ။ အပေါ်ထပ်လှေကားကနေဆင်းလာသည့် ဆိုဒ်ဝမ်းက မန်နေဂျာနှင့်အလုပ်သမားနှစ်ယောက်က သခင့်ကိုမြင်တော့ ပျာပျာသလဲနှုတ်ဆက်ကာ သူမကိုလည်း အကဲခတ်၏။

ပြီးတော့ ဆက်ထွက်သွားကြသည် ။ သူမက သူ့ဘေးမှာ ခပ်ရှိရှိပုံစံလေးနှင့်လာရပ်ပြီး ခေါင်းလေးပါငုံ့၍ ...

"ကျွန်မက ဦးဘစိုးရဲ့ သမီးပါ နာမည်က 'အနှစ်ချုပ်'လို့ ခေါ်ပါတယ်

ရှင်၊ 'ချုပ်'လို့ ခေါ်လို့ ရပါတယ်"

"ဘာကိစ္စလဲ"

"ဖေဖေ အလုပ်မဆင်းနိုင်လို့၊ အဲဒါ..."

"မင်းအဖေ အလုပ်မဆင်းတဲ့ ကိစ္စ မင်းလာပြောဖို့ မလိုဘူး၊ သူလာနိုင်ရင် လွှတ်လိုက်၊ မနက်ဖြန် မလာနိုင်ရင် ပြီးပြီ"

"အို... နေပါဦး"

သခင်က နောက်ထပ်ရှောင်ထွက်သွားသည် ။ ချုပ်က ဆွဲထားမတတ် အတင်းလိုက်ခေါ်၏။ ဒေါသများ နှင့် ရပ်ပစ်လိုက်သည့် ခြေလှမ်းများမှ မီးပွင့်သွားတာကို သူမ မသိ။

"ကျွန်မက ဖေဖေအလုပ်ပျက်တာကို တောင်းပန်မလို့ မဟုတ်ပါဘူး၊ ဖေဖေ့အစား ဖေဖေမောင်းတဲ့ ၅ကကို ကျွန်မမောင်းပါရစေလို့ ပြောမလို့ "

"ဘာ..."

မျက်ခုံးထူထူနှစ်ဖက် တွန့်ခနဲညွတ်ကျသွား၏။ ချုပ်ကိုလည်း သူ့ကို အလုပ်ပိုရှုပ်အောင်လုပ်သည့် မိန်းကလေးအဖြစ် ခြေဆုံးခေါင်းဆုံး စူးစူး ရဲရဲကြည့်မိသည် ။

ကုပ်ထောက်ဆံပင်အုပ်အုပ်လေးနှင့် ကိုယ်လုံးက ခပ်သွယ်သွယ်၊ မော်ဒယ်လိုကိုယ်လုံးမျိုးဆိုတာထက်တောင် သူမက ပို၍ ပါးချင်သေးသည် ။

အသားဖြူဖြူ၊ မျက်လုံးနက်နက်လေးတွေနှင့် မျက်လုံးလေးလည်း ထင်းနေသည် ။ မျက်နှာဝိုင်းလေးမို့ မိန်းမလှလေးတစ်ယောက်ပဲ ဖြစ်၏

။ သူမက ဘာတွေစိတ်ကူးယဉ်ပြီး အရှုးထချင်တာလဲ။ သခင့်နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ချက်ဖြစ်ကာ...

"မင်းကားမောင်းနိုင်ရင် တက္ကစီဆွဲပေ့ါ၊ မင်းအဖေကို ရှာကျွေးလေ၊ ဟွန့်..."

"အဲဒီလို မဟုတ်ဘူး ၊ နေပါဦး"

"ဟော့... ဒီမှာ ..."

နောက်ထပ် ခြေလှမ်းပြင်တာနှင့် ချုပ်က လှမ်းတားတော့ သခင်ချာ ခနဲပြန်လှည့်ကာ...

"ငါက ဆလွန်းတွေ၊ စူပါရဖ်တွေထားပြီး အုံနာလုပ်စားနေတာ မဟု တ်ဘူး ၊ Express လုပ်ငန်းတွေလုပ်နေတာ၊ ဒီဆိုဒ်ထဲမှာ ရှိတာ ကွန်တိန် နာတွေ၊ ထရော်လီတွေ"

"အဲဒါတွေမဟုတ်ပါဘူး၊ ဖေဖေမောင်းတဲ့ ထရပ်ကားကြီးလောက် တော့ ချုပ်... ကျွန်မ မောင်းနိုင်ပါတယ်"

"ဟော့... မင်း မြန်မာစကား နားမလည်ဘူးလား"

"လည်ပါတယ်၊ ဖေဖေအလုပ်ပျက်နေတာတွေ များ နေတော့ အလုပ်ဖြုတ်ခံရမှာ စိုးလို့ ပါ၊ ပြီးတော့ ကျွန်မက ဖေဖေကားမောင်းတိုင်း အဲဒီလမ်းကြောင်းတွေကို ခဏခဏလိုက်သွားပြီး မောင်းဖူးနေတာ၊ ကားကြီးတွေကို ကျွန်မ နိုင်ပါတယ်"

"စိတ်မကောင်းဘူး အနှစ်ချုပ်၊ မင်းကိုယ်မင်းသိပ်ယုံနေရင် မင်းကို ယုံနိုင်မယ့်နေရာမှာ သွားမောင်း"

သခင်က ခြေလှမ်းကျဲများ နှင့် လှမ်းထွက်သွား၏။ ချုပ်က ဇွဲမလျှော့

ပေ။ နဖူးပေါ်မှာ ခပ်အုပ်အုပ်ဖြာဆင်းနေသည့်ဆံပင်တွေကို ဖြစ်သလိုခါ ထုတ်ပစ်၍ လက်တစ်ဖက်နဲ့ လည်း ထိုးသိပ်တင်သည် ။

ပြီးတော့ ပင့်သက်လေးရှိုက်သွင်းကာ သခင့်နောက်ကို ပြေးလိုက်၏။

"ဒီမှာ ရှင်ကမယုံပေမယ့် ကျွန်မက ရှင့်ကားကြီးကို ဆယ်ခါမကမော င်းဖူးတယ်၊ အဲဒါ ရှင်မသိတဲ့ ကိစ္စလေ၊ ကျွန်မ ငယ်ငယ်လေးကတည်းက ကားမောင်းလာတဲ့ သူပါ၊ ကားလေးကနေ ကားကြီးမောင်းရတာ ဘာခ က်လို့ လဲ၊ အဲဒါကို မဖြစ်နိုင်တဲ့ ကိစ္စလို့ ရှင်က ထင်နေတာလား"

မေးရင်းပြောရင်းနှင့် သူ့ခြေလှမ်းကိုမီလိုက်ကာ မြင့်မားသည့်သူ့အရ ပ်နဲ့ မျက်နှာကြီးကိုလည်း မော့ကြည့်အကဲခတ်ရသည် ။ ချူပ် ခလုတ် တွေလည်း တိုက်၏။

"ဖေဖေက အသက်လဲကြီးပြီ၊ ဒီအလုပ်ပြုတ်ရင် နောက်ထပ်အလုပ်ပြောင်းဖို့ က မလွယ်တော့လို့ ပါ၊ ကျွန်မကလဲ ကားပဲ မောင်းတတ်တာ၊ ဖေဖေနဲ့ ကျွန်မ အလုပ်အကိုင်မရှိတဲ့ စပ်ကြားမှာ အရ မ်းဒုက္ခရောက်မှာ ၊ အဲဒါကြောင့် ဖေဖေနေမကောင်းသေးခင် ကားကို ကျွန်မမောင်းပါရစေ၊ ဘာပြဿနာမှ မဖြစ်စေရဘူး၊ ဘာအခက်အခဲမှ မဖြစ်စေရဘူး၊ နှစ်ရက် သုံးရက်လောက်ပဲ ယုံပေးပါ"

"ဂျိမ်း"

လှမ်းဆွဲထားတာတောင် တံခါးကို အကြမ်းပရမ်းဆွဲပိတ်ပစ်လိုက်သဖြင့် စကားလည်း ရပ်သွားသည် ။ ချူပ် လက်ကလေးကို ကမန်းကတန်း ပြန်ရုတ်လိုက်ရ၏။ ကားစက်နှိုးလိုက် ရင်း သူမကို အထင်မြင်သေးသည့်မျက်လုံးများ နှင့်ကြည့်ကာ ...

"မင်းအဖေကိုပြောလိုက်၊ ယုံခိုင်းတိုင်းယုံတဲ့ လူစားထဲမှာ သုသခင်

ဆိုတဲ့ ကောင် မပါဘူးလို့ "

ကားက ဝင်းထဲကနေ သိမ့်ခနဲကွေ့ထွက်သွားသည် ။ ချုပ် ဒီတိုင်း လေးရပ်လျက်ကျန်ခဲ့၏။ ရှက်တတ်သောနှလုံးသားက ပန်းရင့်ရောင်က နေ အနီရင့်ရောင်သို့ပြောင်းသွားသည် ။

မျက်လှာစိုက်ချလိုက်စဉ်မှာ မြင်လိုက်ရသော ကားဘီးရာများက လူ တစ်ကိုယ်လုံးကို ကန့်လန့်ဖြတ်ကြိတ်သွားသည့်ခြေရာများ နှင့် တူနေ၏ ။ ပြင်းထန်သည့်ဝေဒနာနှင့် ရုတ်တရက် မသေနိုင်ဘဲ ဆတ်ဆတ်လူးကျ န်ခဲ့ရသည့်အဖြစ်။

"တောက်..."

တက်ခေါက်သံသည် မကျယ်လောင်ခဲ့ပေမယ့် ရင်ထဲမှာ မိုးခြိမ်းသံ ကဲ့သို့ သိမ့်သိမ့်ခါသွားသည် ။ သုသခင်ဆိုသော နာမည်တစ်ခုကို သူမဘာ ယ်သောအခါမှ မမေ့နိုင်တော့တာလည်း သေချာခဲ့၏။

"ဖေဖေတော့ အလုပ်တွေ ဒီလောက်ပျက်နေတာ ဆိုဒ်ထဲကို သူဌေး ရောက်လာလိုက်ရင် သွားပြီ"

ဒီစကားကို ဖေဖေပြောတိုင်း မျက်နှာက အကြီးအကျယ် ရှုံ့မဲ့နေခဲ့သ ည် ။ ဖေဖေ့ပုံစံက သူဌေးဆိုသည့် လူငယ်တစ်ယောက်ကို အသေအလဲ ရိုသေလေးစားနေသည့်ပုံ ပေါက်နေသဖြင့် ချုပ် နားမလည်ဖြစ်ခဲ့ဖူးသ ည် ။

သူက ကိုယ့်ကိုမသိပေမယ့် ကိုယ်ကတော့ ခပ်လှမ်းလှမ်းကနေ ဖျတ် ခနဲ ဖျတ်ခနဲ မြင်လိုက်တာတွေရှိသည် ။ သေချာရင်ဆိုင်မမြင်ဖူးတာဘဲရှိ သည် ။ ဘယ်အရွယ်၊ ဘယ်ပုံစံဆိုတာ သိနေခဲ့၏။

တစ်ခါတစ်လေ ကားတွေကြားထဲမှာ ၊ တစ်ခါတစ်ခါ စားပွဲဘေးမှာ

လက်ထောက်၍ ခပ်ကုန်းကုန်းရပ်ကာ မန်နေဂျာကို ဘာတွေပြောနေမှန်းမသိ။

တစ်ခါကတော့ ကားအက်ဆီးဒင့်ဖြစ်သွားသည့်လူနာကို မေးဖို့ ဖေဖေနဲ့ ချုပ် လိုက်သွားစဉ် 'အထဲမှာ သူဌေးရှိနေတယ်၊ နေဦး'လို့ အဖေပြောကာ အကြာကြီးစောင့်နေရ၏။ ထိုစဉ်က ကုတ်အင်္ကျီအနက်နှင့် ကျောခိုင်းထိုင်နေတာဖြစ်သည် ။

ဘာဖြစ်ဖြစ်ပါ လူငယ်တစ်ယောက်၏ ဆက်ဆံရေးနှင့် စီးပွားရေးအမြင်ဟာ ဒီလောက်ပဲရှိသင့်တာလား၊ လူငယ်မို့ ရိုင်းတာ ရိုင်းခွင့်ရှိတယ်လို့ များ မြင်နေသည် လား။

ချုပ် အံကြိတ်ထားမိသည် ။ နောက်ပြန်လှည့်လိုက်တော့ သူမရှေ့မှာ ကိုစိန်က ရပ်နေလျက်...

"နင် ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့ ညီမလေးရာ၊ သူဌေးက သေချာမသိသေးလို့ ပါ၊ သူ သိရင်..."

"တော်ပါပြီ"

ချုပ်က ဖြတ်ပြောလိုက်ပြီး မီးဟပ်သလို ပူလောင်ကျန်ခဲ့သည့်မျက်နှာကို ခပ်လွှဲလွှဲလုပ်ထားလိုက်၏။ လူလူချင်း စာနာစိတ်တော့ ရှိနေလိမ့်မည်ဟု ယုံကြည်ကာ အရှက်နဲ့ သိက္ခာကို ဝမ်းစာနှင့်ယှဉ်၍ ခဏဘေးဖယ်ထားခဲ့သည် ။

သူမဟာ ဒီလောက်ထိ သိက္ခာမဲ့တဲ့ မိန်းမတစ်ယောက် မဟုတ်ခဲ့ပါ။

'သုသခင်'ဆိုသည့်ယောက်ျား သူဌေးသားဖြစ်သလို 'အနှစ်ချုပ်'ဆိုတာလည်း သူဌေးကြီးဦးဘစိုး၏ တစ်ဦးတည်းသောသမီးကလေး ဖြစ်ခဲ့ဖူး၏။ ဒါပေမဲ့ အတိတ်က ရွှေထီးဆောင်းခဲ့ရသည့်အဖြစ်ကို ပြန်တွေးပြီး

ဒါကို တသသလွမ်းနေခြင်းဖြင့် ဘဝက ပြီးပြည့်စုံလာမည်မဟုတ်တာကို နားလည်သည် ။ ပစ္စုပ္ပန်ဟာ အနာဂတ်ကို ကြိုဆိုဖို့ သာဖြစ်ကာ အတိတ်ဆီကို နောက်ကြောင်းပြန်ခြင်းဖြင့် ဘာမှ အကျိုးမရှိနိုင်တာကိုလည်း သဘောပေါက်ခဲ့သည် ။ မိမိသည် မိမိဘဝကို သိတတ်နားလည်ခဲ့သော်လည်း လောကက ဒဏ်ခတ်လို့ မပြီးနိုင်။

ချုပ်က ရှက်၍ နေရာမရဖြစ်နေသည့် ဒီမျက်နှာကိုပဲ မကျေနပ်ဖြစ်ကာ နဖူးကဆံပင်တွေကိုသိမ်း၍ မော့မော့လေးပြန်နေ၏။

ပြီးတော့ စိတ်မကောင်းဖြစ်နေသည့် ကိုစိန့်ကို သူမက ပြန်နှစ်သိမ့်သလိုပြုံးပြကာ...

"ဖေဖေ့ကို စိတ်ချမ်းသာစေချင်လို့ ပါ၊ ဖေဖေက ဒီအလုပ်ကိုပဲ ခင်တွယ်နေတာလေ"

"သြော်... ဒီအလုပ်က ဝင်ငွေလည်းကောင်းတာကိုး ညီမရဲ့ ၊ ကိုယ့်အသက်အရွယ် ဒီခွန်အားနဲ့ က ဒီလိုဝင်ငွေကောင်းကောင်း အလုပ်မျိုးတခြားမှာ ရဖို့ မလွယ်ဘူးလေ"

ချုပ်က နှုတ်ခမ်းလေးမဲ့၍ ထပ်ဝတ်ထားသည့် ဂျာကင်အင်္ကျီရင်ဘတ်ကို စိတ်အိုက်သလို ဘေးဆွဲချပစ်လိုက်ကာ...

"ထမင်းစားဖို့ တော့ ချုပ်တို့ သားအဖ တတ်နိုင်မှာ ပါ"

ရင်ထဲမှာ နာနေသည် ။ ဒီမျက်နှာက အရာထင်ကျန်ရစ်သည် ဆိုလျှင် နှလုံးသားမှာ နင်းချေသွားသည့် ခြေရာတစ်စုံလိုလား...။

***

# အခန်း (၂)

"ခြေရာထပ်ရုံတင်မကဘူး၊ နောက်ဆို ချောင်းတောင်ပေါက်ဦးမှာ "

ဒေါ်ခတ္တာက တိုက်ခန်းကျဉ်းလေးထဲဝင် လာပြီး မထားသည့်ထဘီကို မလွှတ်ဘဲ ကုလားထိုင်မှာ ဝင်ထိုင်၏။ ဆယ့်ငါးပေသာသာပဲရှိသော တိုက်ခန်းလေးထဲမှာ ချုပ်တို့ သားအဖနေသည် ။

ဟိုတုန်းကတော့ ဒရိုင်ဘာနဲ့ အိမ်ဖော် ဒေါ်နုတို့ နေသည့် အလုပ်သမားတန်းလျား။ ခုလည်း ဦးဘစိုးက ဒရိုင်ဘာဆိုတော့ ကိုယ်နေရမယ့်နေရာလို့ ပဲ မှတ်ရပါမည်။

"အားမငယ်နဲ့ သမီး၊ ကျရာဘဝမှာ ပျော်နိုင်အောင်ကြိုးစားနော်" ဆိုတာ ဖေဖေပြောနေကျစကား။ ဟိုတုန်းက ‘သမီးလေး’ဟု ချော့ချော့မော့မော့ခေါ်ကာ ကိုယ့်ရှေ့ကသွားလျှင် မျက်လွှာချသွားတတ်ခဲ့သည့် လူတွေက ခု ကိုယ့်ကိုတွေ့ရင်ပဲ သူတောင်းစားကိုတွေ့သလို မဲ့တဲ့ တဲ့ ၊ ရှုံ့တွတွတွေ၊ ဒေါ်ခတ္တာသည် တစ်ခန်းလုံးကို မျက်မှောင်ကြုတ်နှင့် လိုက်ဝေ့ကြည့်ပြီးမှ စောစောကစကားကို ပြန်ဆက်၏။

"စောစောက ရှင့်သမီးကြီးပြောတာ ကြားရဲ့ လား ကိုစိုး၊ မေလေးဖေဖေ့အခန်းကိုသွားတာ ခြေရာတွေထပ်နေပြီတဲ့ "

နာလန်ထစမို့ ကြက်သားစွတ်ပြုတ်ပူပူကို ခံတွင်းမတွေ့ဘဲ ကြိတ်မှိတ်မျိုချနေတုန်း ဒေါ်ခတ္တာ၏ မေးခွန်းကြောင့် ဦးဘစိုး

ပါးစပ်ထဲရောက်ပြီးသားကိုလည်း မျိုမချနိုင်တော့ပေ။

ကိုင်ထားသည့်ဇွန်းကို ပြန်ချလိုက်ရင်း ပါးစပ်ထဲကအရာတွေ အောက်ကထွေးခံထဲ ထွေးချလိုက်ရ၏။

"ရှင်လဲ အသက်ဒီလောက်ကြီးနေပြီပဲ၊ နောက်မှာ ငိုစားရယ်စားအရွယ် ကလေးလဲရှိတာ မဟုတ်ဘူး ၊ ဘာအတွက် နောက်ဆံတင်းပြီး တိုက်ကြီးကို ခုလောက်ထိ ဖက်တွယ်နေရတာလဲ"

ဦးဘစိုး၏ ပိန်လှီကာ ပါးရိုးတွေပေါ်နေသောမျက်နှာက နာကျင်မှုများကြောင့် ပို၍ အိုစာသွားသည် ။

ခင္တာဆိုသည့် ဒီမိန်းမ၏ စကားများ ဟာ ကျွဲခတ်တာထက်ဆိုးသေးသည် ။ သူမ၏ ချိုသာနူးညံ့ခြင်းများ သည် ဦးဘစိုး၏ တရားဝင်မဖြစ်မီကာလများ အတွင်းမှာ ပဲဖြစ်ကာ ဒီဘက်မှာ တော့ ငါကလွဲရင် ရှိမထားဘူးဆိုသည့် လက်မထောင်ခြင်းမျိုးနှင့်...

"ရှင်ကလေ သမီးချင်းအတူတူတောင်မှ ကျောသားရင်သား ခွဲခြားထားတယ်နော်၊ တကယ်ပါပဲ"

"ခင္တာ..."

"ဘာလဲ၊ ရှင် ဘာပြောမှာ လဲ၊ ချုပ်က မိဘမဲ့၊ မင်းတို့ လဲ မေတ္တာရှိတာ မဟုတ်ဘူး ၊ ဒါပဲပြောမှာ မဟုတ်လား"

ပါးစပ်ပြင်ပြီးမှ ဦးဘစိုး ငြိမ်သွားသည် ။ ဒေါ်ခင္တာက မဲ့ပြုံးကြီးစိုက်ကြည့်နေ၏။ သမီးသုံးယောက်ရှိသည် ။ တစ်ယောက်ကို အမေတစ်ယောက်စီနှင့် ဖြစ်နေတဲ့ အထိ ဦးဘစိုးတို့ ကဲခဲ့တာဖြစ်သည် ။

ဦးဘစိုး၊ ဒေါ်မျိုးချုပ်တို့ သည် ချစ်သူချင်းလည်း ဖြစ်ကာ မိဘသဘောတူလက်ထပ်ပေးခဲ့ကြတာမို့ လူတိုင်း အားကျခဲ့ကြသည့် စုံတွဲဖြစ်

သည် ။

ဥစ္စာပေါ ရုပ်ချောတွေလည်း ဖြစ်ကာ ပညာတတ်၊ လူရည်မွန်လေးတွေလည်း ဖြစ်၏။ ဒီကြားထဲကနေ ဦးဘစိုး ဘယ်လိုခြေလှမ်းတွေ ပျက်သွားခဲ့သည် ကို ဘယ်သူမှ မသိလိုက်ပေ။

ဦးဘစိုး၏ ဟိုသတင်း၊ ဒီသတင်းတွေ ကြားရပြီဆိုမှ မိတ်ဆွေသူငယ်ချင်းတွေ သိကြတော့ အားလုံး မျက်စိလည်ကုန်ကြမှ သည် မှာ ကြယ်စင်ဆိုသည့် မိန်းကလေးက ကိုယ်ဝန်ရှိနေပြီဟူသောသတင်းကို ပို့လိုက်သည့်အချိန်ပဲဖြစ်သည် ။

ဒီသတင်းကြောင့် ဒေါ်မျိုးချုပ်နဲ့ ဦးဘစိုး အကြီးအကျယ်စကားများကြသည် ။ ဒေါ်မျိုးချုပ်က အိပ်ဆေးတွေ အလွန်အကျွံသောက်ပစ်လိုက်သောကြောင့် အသက်မသေသော်လည်း ကိုယ်တစ်ပိုင်းသေသလို ဖြစ်သွားခဲ့သည် ။

အိမ်ထောင်ရေး အခြေယိုင်ခြင်း၏ အုတ်မြစ်ကို အစအဆုံးသိနေခဲ့သော ဒေါ်ခတ္တာသည် ဦးဘစိုး အရက်တွေဖိသောက်လာတာကို အတိုးချ၍ ပြုစုသည် ။

ဒေါ်မျိုးချုပ်ကလည်း အိမ်ထောင်ရေးအဆင်မပြေဖြစ်လာကာ ဒုက္ခိတဘဝကို ရောက်လာရသဖြင့် ကိုယ့်ဘဝကို အားငယ်စိတ်တွေဖြစ်ကာ အခါလယ်သမီးလေးကိုပွေ့ဖက်၍ အခန်းအောင်းနေတော့သည် ။

အဆင်မပြေမှုများ စွာနှင့် အိမ်ထောင်ရေးက နှစ်တွေကြာလာသည် ။ ဒေါ်မျိုးချုပ်သည် ဒုက္ခိတကြီးဘဝနှင့် ငါးနှစ်တိတိ ဝဋ်ကြွေးဆပ်သွားခဲ့ရ၏။

'အနှစ်ချုပ်'လေး ခြောက်နှစ်သမီးမှာ ဒေါ်မျိုးချုပ် ဆုံးသွားခဲ့သည် ။

ဒီတိုက်ကြီးပေါ်မှာ သူမ နေရာရခဲ့တာတောင်မှ သူပေးခဲ့လို့ မှ မဟုတ်ဘဲ ၊ ဒေါ်ခတ္တာကိုရင်ထဲမှာ ကမ္ဘာမကျေအမုန်းများ ဟာ ထိုကတည်းက စခဲ့တာဖြစ်သည် ။ ဒေါ်မျိုးချုပ် ပြီးတော့တောင်မှ ကြယ်စင်ဆိုတာကို ဒုတိယဦးစားပေးမှာ သေချာပါသေးသည် ။ သူမက အိမ်ဖော်ထက် ပိုခဲ့လို့လား။

"... မင်းလောဘမကြီးပါနဲ့ ၊ ပေးတာကိုယူပြီး ကျေကျေနပ်နပ် နောက်ဆုတ်လိုက်ပါ၊ မင်းကို ငါ လက်မထပ်နိုင်ဘူး" တဲ့ ။

ငြင်းခဲ့တာ ရက်ရက်စက်စက်။ ဒီမိန်းမ ငတုံးငအမဟုတ်လို့ ဇနီးဖြစ်ခဲ့တာ။ ဒါကြောင့် သမီးလေး ခတ္တာစိုးက သူဌေးဦးဘစိုးရဲ့ သမီး ဖြစ်ခွင့်ရခဲ့တာပေါ့။

ခုတော့ ဒီလူကြီး အရက်သမား၊ ငတေကြီးပါ။ အခု အလုပ်သမားတန်းလျားမှာ ၊ နောက် ဆိုရင်တော့ မြောင်းထဲရောက်လိမ့်မည်။

လူ့ဘဝဟာ ဗုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့်ဆိုတာ ခုချိန်ထိ သတိမှ ရရဲ့ လား။

ဦးဘစိုး၏ ပိန်လှီလှီမျက်နှာကြီးကို ငေးစိုက်ကြည့်ရင်း ဒေါ်ခတ္တာ၏ နှုတ်ခမ်းလွှာတို့ က လှုပ်ခတ်မဲ့ရွဲ့နေကြသည် ။

ရင်ထဲမှာ ပြောချင်နေသည့်စကားတွေ ပြည့်ကျပ်နေပေမယ့် ခဏမျို သိပ်ထားနေရသည် ။ ဒါက မပြောရဲလို့ တော့မဟုတ်ပေ။ အချိန်နည်းနည်းလိုသေးလို့ ဖြစ်သည် ။

ယခုအချိန်ထိ ဟီးထနေဆဲဖြစ်သော 'မေတ္တာစံအိမ်'ကြီးက အခွံကြီးပဲကျန်နေပေမယ့် နေရာအကွင်းအကွက်ကောင်းသည် ။ ခြံအကျယ်နှင့် တိုက်တန်ဖိုးအရဆို အနည်းဆုံး နှစ်သောင်းကျော်ထက်တော့ မလျော့နို

င်။

ထို့ကြောင့် ထိန်းချုပ်နေရသည် ။ မပြောချင်လည်း ပြောနေရ၏။ မချော့ချင်ဘဲလည်း ချော့နေရသည် ။

ဒါကို ဦးဘစိုးကလည်း သိနေပါသည် ။ စိတ်ပျက်ခြင်းကြီးစွာဖြင့် စားသောက်မရတော့သည့်ပန်းကန်တွေကို ဘေးကစားပွဲလေးပေါ် လှမ်းတင်ထားလိုက်သည် ။

ဒေါ်ခတ္တာက ပင့်သက်တစ်ချက်နှင့်အတူ ဦးဘစိုးလုပ်သမျှကို လိုက်ကြည့်၍ ...

"ကိုစိုးရယ် ကျွန်မပြောတာက..."

ဟု ပြန်စလိုက်လျှင်...

"မပြောနဲ့ ကွာ၊ ခတ္တာ... မင်းကို ဒီခြံနဲ့ တိုက်နဲ့ ပတ်သက်ပြီး ငါပြောပြီးပြီပဲ"

"ဒီတိုင်း လှေနံဓားထစ်စွဲပြောထားလို့ ဘယ်ရမလဲ ကိုစိုးရဲ့ ၊ ရှင်သာခုနေ ကွေးသောလက်မဆန့်မီ ဆန့်သောလက်မကွေးမီဆိုတာမျိုး ဖြိုးဖျတ်ဆို သေသွားခဲ့ရင် ဒါကြောင့် ပြဿနာတွေ ဘယ်လောက်တက်ကုန်မလဲ တွေးမိရဲ့ လား"

"ဘာမှ တက်ဖို့ မရှိဘူး၊ ကြီးကြီးတာပဲ အကုန်ယူ"

နောက်ဖေးကနေ ရေချိုးပြီးစ မျက်နှာလေးနှင့် ချုပ် ထွက်လာသည် ။ အညိုအနက်ကွက်နှင့် ရှပ်အင်္ကျီလေးကို ကြယ်သီးတပ်ရင်း ဦးဘစိုးလှမ်းတင်ထားသည့် စွတ်ပြုတ်ပန်းကန်ကိုလည်း လှမ်းကြည့်၏။

"ခြံဖြစ်ဖြစ်၊ တိုက်ဖြစ်ဖြစ် ချုပ်အနေနဲ့ ဘာမှ မဟုတ်ဘူး ၊ ဖေဖေအ

သက်ရှင်နေတဲ့ ကာလမှာ ဦးဘစိုး ဇရပ်ပေါ်ရောက်နေပြီဆိုတဲ့ အဖြစ်မျိုးကို မလိုချင်လို့ ဖေဖေပြောတဲ့ အတိုင်း ငြိမ်နေတာ၊ ဖေဖေ မကျန်းမာတာလဲ ကြီးကြီးတာ သိတာပဲ၊ လူမမာကို ဆေးတစ်ခွက်မတိုက်ချင်ရင်နေပါ၊ ဒီလို လာ လာပြီး ဒုက္ခပေးနေတာတော့ လွန်တယ်"

"အေး... ပြောတော့ လူကြားတာပေါ့၊ ညည်းတို့ သားအဖ ပြောလိုက်ကြတာ တစ်လေသံတည်းပဲ၊ လူသေကာမှ အမွေခွဲလို့ မရဘူးအေ့၊ ခွဲပေးနိုင်တဲ့ သူက ပေးနိုင်တဲ့ အချိန်မှာ သင့်သလိုစီမံပေးခဲ့ရမှာ ၊ အဲဒါ ညည်းအဖေမသိတတ်လို့ ၊ ကျုပ်ကပြောတော့ ရိုင်းတယ်ဖြစ်ရော။ စီးပွားရေးဆိုတာက လုပ်ငန်းတွေမှာ အတွင်းပစ္စည်း အမွေအနှစ်အားလုံး ကုန်ပြီ၊ ဘာဆိုဘာမှ မရှိတော့ဘူး၊ ရိုင်းရိုင်းပြောရရင် သူဌေးဆိုပြီး အားကိုးရမလားလို့ မှီကြည့်ပါတယ်၊ ကျုပ်တို့ ကမှ မိအေး နှစ်ခါနာ..."

"ခတ္တာ..."

ဦးဘစိုး မျက်နှာကြီး တင်းမာလာသည် ။ ဒေါ်ခတ္တာက ဂရုမစိုက်ပေ။

"ဒီလိုတွေ ပြုတ်ပြုတ်ပြုန်းအောင် သုံးဖြုန်းပစ်တာရော ဘယ်သူလဲ၊ ဦးဘစိုး လူတော်လူကောင်းကလေးဆိုပြီး အရက်သမား၊ လူပွေဆိုတာ ဖွတ်ထွက်မှ တောင်ပို့မှန်း သိကြတာမျိုး"

"မင်း... တောက်"

"ဖေဖေ"

ဦးဘစိုးက တွေ့ကရာလှမ်းဆွဲ၍ ကောက်ပေါက်ဖို့ ပြင်သည် ။ ချုပ်က ဦးဘစိုးကို ဆွဲထားလိုက်ကာ...

"ကြီးကြီးတာ အခန်းထဲက ခုထွက်သွားပါ"

"သွားမှာ ပါ သွားမှာ ပါ"

ချုပ်ကိုတော့ ဒေါ်ခတ္တာက နည်းနည်းရှိန်သည် ။ ချုပ်က စကားနည်းပြီး လက်ပါတတ်သူဖြစ်သည် ။ ထို့ပြင် ပြောသည့်အတိုင်း တကယ်လည်း လောဘသက္ကာယနည်းတဲ့ သူပါ။

အကြီးဆုံး ကြယ်စင်၏ သမီးဖြစ်သော 'ငွေစင်ခ'နှင့် နည်းနည်းမှ မဆိုင်။

နေရာမှ ဆတ်ခနဲထရပ်ကာ ဒေါ်ခတ္တာက ချုပ်မျက်နှာကို စူးစူးရဲရဲကြည့်သည် ။ ပြီးတော့ ဦးဘစိုးဘက်ကို လှည့်လိုက်ပြီး…

"ကိုစိုးက ကိုစိုးသမီးနဲ့ ခတ္တာတို့ အဲဒီလိုဖြစ်နေကြတာကို ထိုင်ကြည့်နေချင်တာတော့ မဟုတ်ဘူး ထင်တယ်နော်"

"ထိုင်ကြည့်ဖို့ နေနေသာသာ ဟောဒီအသိုင်းအဝိုင်း ဟောဒီလေသံ ဟန်ပန်တွေကို မမြင်ချင်လွန်းလို့ ဖြစ်နိုင်ရင် မျက်စိပိတ်နားပိတ်ပြီး ထွက်ပြေးသွားချင်တာ"

"ဒေါ်မျိုးချုပ်ရဲ့ အငွေ့အသက်တွေရှိနေသေးတဲ့ ဒီမေတ္တာစံအိမ်ကြီးကို မပစ်ရက်နိုင်လို့ ဆိုတာလဲ ထည့်ပြောပါဦး"

"အဲဒါ မင်းပြောစရာမလိုဘူး ခတ္တာ၊ မျိုးရဲ့ နာမည်ကို မင်းပါးစပ်ထဲမှာ ထည့်ခေါ်ခွင့်မရှိဘူး၊ ငါလိုကောင်က မင်းရဲ့ ယောကျ်ားဖြစ်လာခဲ့တာ မှန်ပေမယ့် မျိုးက အမြဲတမ်း မင်းရဲ့ အရှင်သခင်ပဲ၊ အဲဒါ မမေ့နဲ့ "

ဒေါ်ခတ္တာမျက်နှာမှာ ပန်းသီးကဲ့သို့ နီစွေးသွား၏။ နာကျင်ခဲ့သမျှ အနာတွေထဲမှာ ဒီစကားလုံးမျိုးလောက် နာကျင်ဖွယ်ကောင်းတာ မရှိ။ အနာပေါ်တုတ်ကျသွားသလို ခံစားရသည် ။

ရင်ဝတည့်တည့်ကို ချွန်မြသောဆူးချွန်တစ်ခုနှင့် ဆောင့်ထိုးလိုက်သလို အသားဆတ်ဆတ်တုန်မိသည် ။ အံကြိတ်ထားသည့်နှုတ်ခမ်းအစုံက

ပိကပ်၍ မျဉ်းဖြောင့်တစ်ကြောင်းနှင့်တူသည့်အဖြစ်သို့ ရောက်လျှင်...

"ဟား ဟား ဟား"

ဒေါ်ခတ္တာက ဟားတိုက်ရယ်ပစ်လိုက်၏။

"ဟုတ်ပါတယ်၊ ကျွန်မက ဒေါ်မျိုးချုပ်ရဲ့ အိမ်ဖော်ပါ၊ ဒါပေမဲ့ သိအောင်ပြောလိုက်မယ်နော်၊ ကျွန်မက မရှိဆင်းရဲလို့ အိမ်ဖော်လုပ်ရတာတော့ မဟုတ်ဘူး ၊ ဒေါ်မျိုးချုပ်ပေးတဲ့ အိမ်ဖော်လခကို ဘာလုပ်ဖို့ ၊ အဟွန်း... ကျွန်မက အဲဒီမိန်းမရဲ့ နှလုံးသည်းပွတ်ကို လိုချင်တာ၊ မေတ္တာစံအိမ်ကို ရောက်လာခဲ့တာ မေတ္တာတွေပေးဖို့ မဟုတ်ဘူး ဆိုတာ အ မသိခဲ့တာ စိတ်မကောင်းစရာပဲ။ ကျွန်မက လူကို တစ်ချက်တည်းနဲ့ ချက်ကောင်းထိုးပြီး အလဲသိပ်လိုက်တာ ဘယ့်နှယ်လဲ၊ အခု ရှင် မုဆိုးဖိုဖြစ်သွားတယ်လေ၊ ခတ္တာကို အိမ်ဖော်မလို့ ထပ်ပြောလိုက်ပါဦး"

"မပြောတော့ဘူး၊ ပြောစရာ ဘာစကားနဲ့ မှ လဲ မတန်တော့ဘူး"

"ဟင်... ညည်း... ညည်း..."

"သမီး မလုပ်နဲ့ "

"ညည်းနော်..."

"ဝုန်း"

"အမယ်လေး"

ချုပ်က ပန်းအိုးတင်ထားသည့်ခွေးခြေပုလေးကို ခြေထောက်ခတ်ယူလိုက်ပြီး ခုံ၏ ခြေထောက်ကနေ စုံကိုင်မြှောက်သည် ။ ဒေါ်ခတ္တာကျောကော့ပြေးပေမယ့် လုံးဝလွတ်သွားခြင်းမရှိဘဲ ခြေသလုံးစောင်းနှင့် တိုက်မိသွားသည် ။

"သိပ်ယုတ်မာတဲ့ မိန်းမကြီး၊ ယုတ်မာတာကို ယုတ်မာပါတယ်ပြောရဲတော့ ရှင့်ကို ဆုချမလို့ "

"ကိုစိုး… ကိုစိုးနော်… ရှင့်သမီး…"

ဒေါ်ခတ္တာ ခံစောင်းထိပြီး ဒူးတုပ်လဲကျသွားသော်လည်း နောက်ထပ်ကောက်ရိုက်ဖို့ ပြင်သဖြင့် အသည်းအသန် ထပြေးလေသည်။

"သမီး… သမီး ရပ်နေလိုက်စမ်း၊ ဖေဖေပြောနေတယ်"

ဦးဘစိုး၏ တားဆီးသံကြောင့် ချုပ် အားရှိပါးရှိ လွှဲမြှောက်လိုက်သည့်ပန်းအိုးက လေထဲမှာ ပဲ ရပ်တန့်သွားခဲ့သည်။ ဦးဘစိုးသည် ခုတင်ထက်မှ ဆင်းလာကာ တောင့်တောင့်လေးရပ်နေဆဲဖြစ်သည့် ချုပ်ပခုံးလေးတစ်ဖက်ကို ခပ်ဖွဖွပုတ်သည်။

ပြီးတော့ ကျစ်နေအောင်ဆုပ်ထားသည့် ပန်းအိုးကို ချုပ်လက်ထဲကနေ ဖြေယူလိုက်ကာ…

"စိတ်ကိုထိန်းသမီး၊ အများ အမြင်မှာ သူက ကိုယ့်ရဲ့ မိဘနေရာမှာ ရှိနေတာ၊ ကြားလို့ မကောင်းဘူး"

" မဟုတ်ဘူး ၊ မိဘနေရာနဲ့ လုံးဝမထိုက်တန်ဘူး ဖေဖေ၊ အခု ဖေဖေဘယ်ဘဝရောက်နေနေ ချုပ်ရဲ့ ဖေဖေ၊ ချုပ်မြတ်နိုးနေဆဲ ဖေဖေ၊ မေမေရှိနေရင်လဲ ဒီလိုပဲ၊ ဒီမိန်းမကြီးကို အဲဒီလိုသဘော လုံးဝထားလို့ မရဘူး၊ လူမမြင့်ရင်တောင်မှ စိတ်ကမြင့်နေရင် တော်သေးတယ်၊ သူက လူကိုတော့ မြင့်အောင်ကြိုးစားပြီး စိတ်က အဝီစိမှာ ချိုးကပ်နေတာ"

"အဲဒါကို ထားလိုက်ပါ သမီးရယ်"

"ဒီလိုပဲ မကြားချင်တာတွေကြား၊ မမြင်ချင်တာတွေမြင်နေမှာ ပဲဖေဖေ၊ ထားခဲ့လိုက်ပါ၊ ဖေဖေ သူတို့ ကိုနှင်ချဖို့ မဖြစ်နိုင်တော့ဘူးမဟုတ်

လား၊ ပေးလိုက်ပါတော့၊ ဖေဖေ ဘာဖြစ်လို့ စိတ်ညစ်ခံပြီးနေနေတာလဲ"

"သမီးမေမေ ခေါင်းချခဲ့တဲ့ နေရာမို့လို့ ပေါ့ သမီးရယ်၊ ဖေဖေ မှားခဲ့ သမျှ နောက်ထပ်ပြီး ဥပေက္ခာထားမသွားချင်ဘူး၊ တကယ်တော့ ဖေဖေ့ နှလုံးသားထဲမှာ အချစ်ဦးရတနာဟာ မျိုးတစ်ယောက်တည်းပါ၊ သူနဲ့ ဖေဖေ ဘာမဟုတ်တဲ့ ငြင်းခုံမှုလေးတစ်ခု ဖြစ်ကြရာကအစပြုပြီး အက်ကြောင်းဖြစ်ခဲ့ကြတာ"

ချုပ် ဘာမှ မသိခဲ့သေးသည့်အကြောင်းတွေဖြစ်သည် ။ ဦးဘစိုးကို ကြေကွဲမှုများ စွာဖြင့် ပြောပြနေခြင်းမှာ မျက်ဝန်းမှာ မျက်ရည်တွေ လဲ ဝေ့နေခဲ့၏။

ဟိုတုန်းကဆို ဖြူဝင်းသောအသားနှင့် အရပ်မြင့်မြင့်၊ ချောမွေ့သည့် ရုပ်သွင်ရှိသော ဦးဘစိုးသည် ခုချိန်မှာ တော့ ပိန်ရှုည်ရှုည်၊ လက်ပြင်အန ည်းငယ်ကိုင်းချင်လျက် မြင်လိုက်တာနှင့် ရောဂါသည် ဟု တပ်အပ်ပြော တဲ့ သူ ပြောမည်။

အရက်သမားပုံပါဟု ကဲ့ရဲ့ တဲ့ သူလည်း ရှိလိမ့်မည်။ ဘယ်လိုကြည့်ကြည့် သားနားသည့်ရုပ်သွင်မရှိတာတော့ သေချာပါသည် ။

ဒါတွေဟာ သူ့ကိုယ်သူ သိထားတာတွေကတော့ အချစ်က ဒဏ်ခတ်ခြင်းသာ။

ကြယ်တွေစုံသော ညတစ်ညမှာ ဝရန်တာကနေ နှစ်ကိုယ်ယှဉ်တွဲပြီး ကောင်းကင်ကကြယ်တွေကို ရေတွက်ကြသည် ။ ချစ်စခင်စကာလမျိုး မဟုတ်တော့ပေမယ့် မျိုးနဲ့ သူ့အတွက်က ရင်ခုန်သံတွေ အမြဲတမ်းမြန် နေဆဲပင်။

ဘယ်အချိန်ကြည့်ကြည့် ကြည့်လို့ မဝ၊ ဘယ်အချိန်ဖြစ်ဖြစ် မြတ်နိုးလို့ မဆုံးနိုင်။ ထို့ကြောင့် မျိုးပြောခဲ့သော စကားလေးတစ်ခွန်းမှာ သူနာကြည်းသွားခဲ့သည် ။

မချစ်လို့ သည်းမခံနိုင်တာမဟုတ်ဘဲ ချစ်လွန်းလို့ ဒဏ်ရာမထင်စေချင်တာ ဖြစ်၏။ အသန့်စင်ဆုံးချစ်ခဲ့ရသမျှမှာ ဒီအချစ်နဲ့ ပတ်သက်၍ နည်းနည်းမှ အတိမ်းအစောင်းမခံနိုင်ပေ။

မျိုးက အစသန်တာကို သူသိသည် ။ ဒါပေမဲ့ စလိုက်တိုင်း သူမဘက်က အနိုင်နဲ့ ပိုင်းရမှ ကျေနပ်တတ်သည့်အကျင့်ကိုတော့ ထိုခဏမှာ မေ့သွားခဲ့မိသည် ။

နောက်များမှာ သတိရတော့လည်း ခွင့်မလွှတ်နိုင်။ အရာရာကို အရှုံးပေးနိုင်ပေမယ့် ဒီနေရာမှာ တော့ နောက်ဆုတ်မကျန်ခဲ့နိုင်ပါ။

ကြယ်တွေကိုရေရင်း သူမက ဘာပြောသလဲဆိုရင်...

"အဲဒီလိုရေတွက်ရတာကို ဝါသနာပါလို့ ရည်းစားတွေအများကြီးထားခဲ့ဖူးတယ် သိလား၊ ပျော်စရာတော့ကောင်းသားပဲ"တဲ့ ။

ရင်ထဲမှာ ဖျင်းခနဲ ထိရှသွားခဲ့သည် ။ ကိုယ်ကတော့ သူမကိုသာအချစ်ဦး၊ ဘယ်လောက်ထိ အချစ်ဦးဖြစ်ခဲ့သလဲဆိုလျှင် သူစိမ်းမိန်းမ တစ်ယောက်၏ ပခုံးကို ပွေ့ဖက်ဖူးတာဆိုလို့ သူမကသာ ပထမဆုံး။

"ရည်းစားထားတယ်ဆိုတာ ဘာတွေကိုကျူးလွန်ကြသလဲ မျိုးသိလားဟင်"

"ကိုက မသိလို့ မေးတာလား၊ သိရက်နဲ့ မေးတာလား"

"မသိလို့ မေးတယ်ပဲထားလိုက်ပါ၊ ဖြေပါမျိုးရယ်၊ ရည်းစားဖြစ်သွားပြီးရင် ရည်းစားအခွင့်အရေးအရ ဘာတွေကျူးလွန်ဖို့

ပြင်ဆင်လာတတ်ကြသလဲဆိုတာ..."

ထိုအခါ သူမက ပခုံးလေးတွန့်၍ ရယ်သေးသည် ။ ပြီးတော့ သူ့မျက်နှာကို စေ့စေ့ကြည့်ကာ အနိုင်နဲ့ ပိုင်းသောရယ်မောခြင်းက မပြီးနိုင်။ သူမ သိပ်ပျော်နေခဲ့တာ သေချာပါသည် ။

"ဒါကတော့ ကိုရယ် အထိန်းအသိမ်းမတတ်တဲ့ မိန်းကလေးတချို့ကတော့ ဘာတွေညာတွေ ဇယားရှိချင်ရှိမှာ ပေါ့၊ မျိုးတို့ က စည်းနဲ့ ကမ်းနဲ့ ..."

"ဟုတ်လား၊ ဒါပေမဲ့ လက်ကလေး၊ ပါးကလေးဖြစ်ဖြစ်တော့ အိုမှာပါကွာ၊ သူ့ကောင်လေးက သူ့ချစ်သူကို ရည်းစားအခွင့်အရေးလေးတော့ တောင်းမှာ ပေါ့၊ မျိုး ကိုယ့်ကိုအဖြေပေးတဲ့ နေ့ကလိုလေ..."

"ကိုရယ် သဝန်ကြောင်နေပြန်ပြီ၊ အဟွန်း..."

ဒါကိုပဲ ကိုယ်က အရူးလိုလို၊ သူမက နဖူးလှမ်းထုပြီး ရယ်နေသည် ။ ရ င ်ထ ဲမ ၂၁ တဝုန်းဝုန်းပြိုကျနေတာ ဘယ်နေရာက အစိတ်အပိုင်းတွေမှန်းတော့ မသိခဲ့ပေ။

ဒါပေမဲ့ သူမကို မြတ်နိုးမဝစွာ တင်းတင်းကျပ်ကျပ် ပွေ့ဖက်ခဲ့မိသည့် လက်တို့ က လျော့ရိလျော့ရဲဖြစ်လာခဲ့၏။

"ရည်းစားဆိုတာ ထားကြည့်ရတယ်ကိုရဲ့ ၊ ဒီလူနဲ့ ကြိုက် ဒီလူနဲ့ ညားသွားရင် ကိုယ်က သူ့ရဲ့ ခြေသုတ်ဖတ်လို သူ့အတွက် အားဖြစ်ရတော့တာ"

"အဲဒီ သူဆိုတာ အခု ကိုယ်ဖြစ်နေပြီဆိုတော့ မျိုးက ကိုယ့်ကိုလက်ဆင်န်တွေပေးနေတာပေါ့"

"အဟွန်း... ဒီလိုတော့ မဟုတ်ဘူး လေ၊ မျိုးက အရှုံးမပေးချင်ပါဘူး၊

ကို့ကို အနိုင်မယူသေးပါဘူး"

သူ ခပ်မဲ့မဲ့ပြုံးမိခြင်းမှာ ပြုံလဲခြင်းအားလုံး ပြီးဆုံးသွားခဲ့သည်။

"ဒါ ဆိုရင်တော့ မတရားဘူးထင်တယ်ကွ၊ ကိုယ်က အချစ်ဦးဖြစ်သလို ကိုယ့်ကိုလဲ မျိုးရဲ့ အချစ်ဦးပဲဖြစ်စေချင်တာ၊ မျိုးကိုချစ်တဲ့ သူတွေ ဝိုင်းဝိုင်းလည်ခဲ့တာ ကိုယ်သိတယ်၊ ဒါပေမဲ့ မျိုးက မချစ်ခဲ့ဘူးလို့ ထင်တာလေ"

"ကို က မေးမှ မမေးတာ၊ ဒါပေမဲ့ကိုရယ် ချစ်သူတွေဆိုတာ တွဲသွားတွဲလာအဆင့်နဲ့ ၊ တချို့ဆို တစ်လတောင်မကြာဘူး၊ သူငယ်ချင်းသာသာပါပဲ"

ဒီစကားတွေကို သူမက ဝင့်ကြွားစွာပြောနေတုန်း သူ့စိတ်တွေ တည်ငြိမ်အောင်ထိန်းနိုင်ခဲ့ပြီး...

"ဟုတ်ပါပြီ၊ ဒါဆို အခု မျိုးက ချစ်သူတွေထားခဲ့ဖူးတဲ့ သူဆိုတော့ ယောကျ်ားအပေါ်မှာ အဲ... ဘယ်လိုပြောရမလဲ..."

ခေါင်းစည်လှလှတပ်ပေးဖို့ သူရွေးနေစဉ် မျိုးက သူ့ရင်ခွင်ထဲကနေ ပြုံးပြုံးလေးမော့ကြည့်နေခဲ့သည်။

"ကိုယ် မပြောတတ်ဘူး၊ သေချာတာက မင်းကိုယ့်ကို အောက်ကျခံပြီး ဆက်ဆံစရာမလိုအောင် မာကျောနိုင်ပြီ၊ ဒီလိုလား"

"အဟွန်းဟွန်း... ကိုယ်ရယ် ကလေးဆန်လိုက်တာ"တဲ့။

သူ့ရင်ထဲမှာ ဆွေးသွားသည်။ ထို့ကြောင့် ခေါင်းညိတ်၍ ...

"ဟုတ်တယ် မျိုး၊ ကိုယ်ကမင်းလို မာကျောတတ်အောင်မှ မလေ့ကျင့်ခဲ့တာ၊ ကလေးဆန်ချင်ဆန်မှာ ပေါ့၊ အဲဒီတော့ ကလေးဆန်ဆန်အ

တွေးထဲမှာ မင်းနဲ့ ကိုယ် ကစားကြည့်ဖို့ စိတ်ကူးထွက်လာတယ်"

"ဘယ်လို..."

"ဟုတ်တယ်၊ အစက ဘာမှ မပါဘဲ မြတ်မြတ်နိုးနိုးချစ်ခဲ့တာ တစ်ခုတည်းပဲ၊ ဒါပေမဲ့ အခု မျိုးရဲ့ ရည်ရွယ်ချက်ကိုကြားရမှ စိတ်ပြောင်းသွားတာ"

မျိုးက ခပ်လျှောင်လျှောင်အပြုံးလေးနှင့် မျက်ခုံးလေးတွေပင့်လျက် ခေါင်းညိတ်နေသည်။

"ပြောလေ"

"မင်းရင်ထဲကပညာတွေကို ကိုယ်သိချင်တယ်၊ အဲဒီတော့ ကိုယ်လူဆိုးလုပ်မယ်၊ မင်းက ဂရုမစိုက်တတ်အောင်နေလေ၊ ဘယ်လိုလဲ"

စိန်ခေါ်ခဲ့တာတော့မဟုတ်ပါ။ ထိုနေရာမှာ ပဲ 'ကိုရယ် မျိုးကစတာပါ၊ အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်ပါ့မယ်၊ အဲဒါတွေက စကားအနိုင်လုပြောတာပါ' စသည် စကားများ ဖြင့် ကျေနပ်အောင် ညာလိုက်ပါ။

သို့တည်းမဟုတ်...

"ရည်းစားတွေများ တယ်ဆိုတာ ကိုသဝန်တိုအောင်စတာ၊ မျိုးမှာ ကိုတစ်ယောက်ပဲချစ်ရမယ့်သူရှိတာပါကိုရယ်၊ ကို့ကိုသာအချစ်ဆုံး" ဆိုရင်လည်း ယုံခိုင်းသမျှ ယုံဦးမည်သာ။

ဒါပေမဲ့ ကိုယ်စိန်ခေါ်တာကို သူမက ဘွာမခတ်ခဲ့ပေ။

လူ့စိတ်ဟူသည် မကောင်းသည့်ဘက်မှာ ပို၍ ပျော်မွေ့တတ်သည့်သဘော ရှိလေသည်။

အိမ်ထောင်တစ်ခု ပျက်စီးကွဲရှခဲ့သောအကြောင်းက ထိုမှ စကာ ဆုံးခဲ့သည် အထိ ဘယ်လိုမှ ထိန်းသိမ်းမရအောင်ဖြစ်ခဲ့ရ၏။

အိပ်ရာဆီသို့ တစ်လှမ်းချင်း ပြန်လှည့်သွားရင်း ဦးဘစိုး၏ ခြေထောက်များက ခွေကျတော့မတတ်ပင်။ သူ့နောက်ကနေ ငေးမောလိုက်ကြည့်နေခဲ့သည့် ချုပ်ကလည်း မေးမြန်းစပ်စုဖို့ ကိုမေ့နေသည် ။

ဖခင်ဖြစ်သူကို ကဲ့ရဲ့ ရမည်လား၊ သနားကြင်နာရမည်လား၊ သေဆုံးသွားခဲ့သူနှင့် ကျန်ရစ်သူမှာ ဘယ်သူ့ကို အပြစ်တင်ရမည်နည်း။

"ဖေဖေ မှားတယ်၊ ဖေဖေဟာ အရွဲ့တိုက်တယ်ဆိုတာထက်ပိုအောင် လုပ်ခဲ့တာ၊ သူအနိုင်ယူပြောတတ်တဲ့ အကျင့်ကို သတိရပြီး ဒီလောက်ထိတော့ သူမဟုတ်နိုင်ဘူးလို့ တွေးမိတာတောင် ခြေလှမ်းကိုနောက်ဆုတ်ဖို့ စိတ်မကူးခဲ့ဘူး၊ အဲဒါကြောင့်..."

"တော်ပါတော့ ဖေဖေ၊ မေမေ့ကို ချုပ်လဲချစ်ပါတယ်၊ ဒါပေမဲ့ မရှိတော့တဲ့ သူကို တမ်းတလွမ်းဆွတ်ပြီး သူ့အင်္ကျီလေးကို တစ်နေ့အခါရှစ်ဆယ်လောက် နမ်းနေမယ့်အစား အဲဒီအင်္ကျီကို မရှိဆင်းရဲသားတစ်ယောက် ဝတ်ပါစေဆိုပြီး လှူလိုက်ရင် ဒါနမြောက်ပါတယ်"

ဦးဘစိုး မွေ့ရာလေးပေါ်မှာ ပြန်ထိုင်လိုက်တော့ ချုပ်က ဘေးမှာ ခုံလေးဆွဲ၍ ဝင်ထိုင်၏။

"အခု မေတ္တာစံအိမ်ကြီးရဲ့ ဘေးက အလုပ်သမားဂိုဒေါင်လေးမှာ ချုပ်တို့ နေရတာ၊ ကြည့်ပါဦးဖေဖေ၊ ဒီလိုနေရတာထက်စာရင် နံ့ချာတဲ့ ရပ်ကွက်လေးတစ်ခုမှာ အများ သူငါလိုပဲ ရောနှောနေပြီး လုပ်ကိုင်ရှာဖွေစားသောက်လိုက်ရင် ပိုပြီးသိက္ခာရှိသေးတယ်"

"ဘယ်ဟုတ်မလဲ သမီးရယ်၊ ဒါသမီးမေမေရဲ့ တိုက်၊ သမီးပိုင်တဲ့ ခြံ၊

ငွေစင်ခလဲမပိုင်ဘူး၊ ပဒ္မွာ၊ ကုမုဒြာ ဘယ်သူမှ ပိုင်ချင်လို့ မရဘူး၊ ပစ္စည်းမက်လို့ အရှက်သိက္ခာမဲ့တဲ့ လူတွေ၊ ဖေဖေဘာမှ အတိုက်အခံ မပြောချင်တော့လို့ ၊ အတွင်းပစ္စည်းတွေကို ထင်သလိုလုပ်တာ ကြည့်နေခဲ့တယ်၊ ဒီခြံနဲ့ တိုက်ကို လုံးဝပေးထိလို့ မဖြစ်ဘူး၊ အခွံကြီးပဲဖြစ်ဖြစ်၊ အမှိုက်ပုံကြီးနဲ့ ပဲတူတူ ဒါသူတို့ နဲ့ မထိုက်တန်တဲ့ အမွေပစ္စည်း"

"ချုပ်ကတော့ ဒီတိုက်ကြီးကို သူတို့ လက်ထဲ ထည့်ပေးလိုက်ရပြီလို့ သတ်မှတ်ထားခဲ့တာ ကြာပြီဖေဖေ"

"ကောင်းတယ်၊ အဲဒီလိုလောဘနည်းတော့ အေးချမ်းတာပေ့ါသမီးရယ်၊ ဘယ်လောက်လောဘတွေကြီးကြီး ပစ္စည်းဥစ္စာဆိုတာ ကိုယ်ရှာတိုင်း ကိုယ်စားရတာ မဟုတ်ဘူး "

ဖေဖေကတော့ သံဝေဂစကားတွေဆိုနေတုန်း။ တကယ်တမ်းကျတော့ သူကိုယ်တိုင် အစွဲအလမ်းကြီးစွာ ဖြစ်နေခဲ့သည့် 'မေတ္တာစံအိမ်'ကြီးထဲက ညင်သာစွာပေါက်ကွဲခဲ့ခြင်း အကြောင်းတရားများ ဟာ...

***

## အခန်း (၃)

"ဒီအိမ်ကြီးထဲမှာ ငါဒီလိုမင်းမူခွင့်ရအောင်  ညင်ညင်သာသာလေး ဖောက်ခွဲပေးလိုက်တာ ဘယ်သူ့ကိုမှ ဆရာမတင်ခဲ့ဘူး၊ ဘယ်သူနဲ့ မှ လဲ မတိုင်ပင်ခဲ့ဘူး၊ ခုချိန်ထိ အံမဝင်ခွင်မကျတာ ဘာရှိခဲ့သလဲ၊ ကဲ... ပြော"

အကြီးမဖြစ်သည့် ပဒုမ္မာက ကုမုဒြာကို လှမ်းကြည့်သည် ။ အိမ်မှာ တော့ သူမတို့ ကို 'မာ'၊ 'ဒြာ'လို့ ပဲ အဖျားဆွတ်ခေါ်ကြတာ ဖြစ်၏။

ဒြာ က မာ့ကို 'နင်ပဲစလိုက်တော့'ဆိုသည့် အပြစ်တင်သည့်မျက်နှာန င့် ခပ်စောင်းစောင်းကြည့်၍ မျက်နှာလွှဲပစ်သည် ။

သူမတို့ မှာ အကြီးနဲ့ အငယ်ဆိုပေမယ့် အစ်မ ဘာညာလို့ ခေါ်ပြောခဲ့ ဖူးတာမရှိပေ။ ဟိုတုန်းကတည်းက ခုချိန်ထိ ငါနဲ့ ပဲပြောဆိုကြသည် ။ ပြောရမည်ဆိုလျှင် မိဘက မဆုံးမခဲ့လို့ ဟု ထင်စရာရှိပေမယ့် မေမေ့ကို တော့ မာတို့ ကြောက်ရ၏။

ဖေဖေ့ကို ဒီနေ့ထိ ပွေ့ဖက်ဆိုးနွဲ့ရဲခဲ့တာ မရှိပါ။ ဖေဖေကလည်း ခေါ် လျှင်ထူးသည် ၊ မေးလျှင်ဖြေသည် ။ နေမကောင်း မကျန်းမာရှိလျှင်တော င် အခန်းရှေ့မှာ လာရပ်တာလေးလောက်ပဲ မြင်ရသည် ။ နဖူးတစ်ချက် လာစမ်းဖော်မရ။

ဒီအဖြစ်တွေကို မတင်မကျခံစားရသည့်အခါ မေမေ့ကို ပြောပြဖူးသ ည် ။ ထိုအခါ မေမေက စကားတွေ သိပ်အများကြီးတော့ မပြောပါ။

"ညည်းတို့ အဖေက ဟောဒီအိမ်ကြီးပေါ်ကဆင်းပြီး ကားဂိုဒေါင်ထဲ သွားနေတာ သူ့သမီးတွေ ကျယ်ကျယ်ဝန်းဝန်းနေပါစေတော့ဆိုတဲ့ မေတ္တာစေတနာတွေနဲ့ အနစ်နာခံသွားတာများ မှတ်လို့ လား"

"သူက အိမ်ကြီးရှင်သူဌေးလေ၊ ငါ့လိုအိမ်ဖော်မကို ရှုံ့လို့ တဲ့ "

ထိုစကားကြားတော့ မာနဲ့ ဒြာတို့ တူညီသောအတွေးတို့ ပြိုင်တူဖြစ်သွားကြပြီး...

"ဒါနဲ့ များ ကလေးနှစ်ယောက်မွေးအောင် မေမေက သည်းခံပေါင်းခံခဲ့တာလား"

ထိုမေးခွန်းကို ဒေါ်ခတ္တာက စိတ်မဆိုးခဲ့ပေ။ ဖြေတော့ ရယ်လျက်ကနေပဲ ခေါင်းညိတ်၍ ...

"ဟုတ်တယ်၊ သူက လက်ဖြောင့်သေနတ်သမားလိုလူမျိုးပေ့ါ၊ တစ်ချက်ပစ် တစ်ချက်ထိတာလေ၊ အဟွန်းဟွန်း... အနားမှာ တရော်လိုချွဲပြီး ယုယကြင်နာခဲ့လို့ မဟုတ်ဘူး ၊ အဲဒါ လုံးဝသေချာတယ်"တဲ့ ။

ငယ်ရွယ်စဉ်ကတော့ နားထဲမှာ ရှက်သွားသလိုလို၊ မျက်နှာပူသလိုလို မေမေပြောတာကို တည့်တည့်ကြီးမသိပေမယ့် နားလည်နေသည် ။

မေမေဟာ အလွန်လျှို့ဝှက်တတ်သူ ဖြစ်၏။ အချိန်ပြည့်မျက်မှောင်ကြုတ်၍ တွေးနေတတ်ကာ ပြော လာပြီဆို ဘယ်သူမှ မထင်မှတ်၊ မကြားသိဖူးသောစကားမျိုးဖြစ်နေတတ်၏။

ခုလည်း မာ့ကို လက်ထပ်ပေးတော့မည်တဲ့ ။

အိမ်ပေါ်မှာ တော့ ငွေစင်နဲ့ မို့ ခြံထဲမှာ သားအမိသုံးယောက် ဆင်းပြောနေကြခြင်းဖြစ်သည် ။

"မာ"

"ရှင်"

"ဒီမှာ ငါ့ကိုကြည့်စမ်း"

ညီအစ်မနှစ်ယောက် ငြိမ်နေတုန်း ဒေါ်ခတ္တာက ခြေချင်းချိန်ထားသည့်ခြေထောက်ကို ဖြေလိုက်ပြီး မြက်ခင်းပေါ်မှာ စုံချကာ ခါးမတ်မတ် ဖြစ်၏။

"အဲဒီသူဌေးရဲ့ သားက ငွေစင်နဲ့ ဘာလိုလိုဆိုတဲ့ စကား ထပ်ပြောချင်သေးလား"

"မေမေကလဲ သမီးပြောချင်တာက အဲဒီလိုမဟုတ်ပါဘူး၊ ဒီလူကချောတယ်၊ သူကိုယ်တိုင်ကိုက ခပ်ပွေပွေထင်တယ်၊ ကားထည်လဲစီးပြီး တွဲနေတဲ့ မိန်းကလေးတွေလဲ မနည်းဘူး"

"ရည်းစားများ တာနဲ့ လက်ထပ်တာ ဘာဆိုင်လို့ လဲ"

"မမငွေစင်က အဲဒီလူကို တော်တော်သဘောကျနေတာ"

"အဲဒီတော့ ဘာဖြစ်လဲ"

"ဒီလိုလူကို ဝိုင်းလုသလိုကြီး..."

"လုပဲယူရယူရ၊ စစ်ပဲတိုက်ရတိုက်ရ အချိန်တန်တော့ ကိုယ့်ယောကျ်ား ကိုယ့်ကိုချစ်လာဖို့ သာ အဓိက။ ဒီမှာ မိန်းမတွေပေါတယ်ဆိုပေမယ့် မိန်းမကောင်းရှားတယ်၊ ယောကျ်ားတွေရှားတယ်ရှားတယ် တကယ်ချောတဲ့ လှတဲ့ မိန်းကလေးတွေဘေးမှာ ယောကျ်ားတွေကို ညည်းဘယ်လိုပုံစံနဲ့ မြင်ချင်သလဲ၊ ပြေးကြည့်လိုက်"

ဒေါ်ခတ္တာ စားပွဲပေါ်က ငါးမုန့်ကြော်ပန်းကန်လေးကို အနားဆွဲယူ

ကာ တစ်ခုယူလိုက်ပြီး ပါးစပ်ထဲလည်း မထည့်ဖြစ်ဘဲ...

"တကယ်တော့ ဒီနေရာမှာ ပေါ်တယ်၊ ရှားတယ်ဆိုတာ ဦးရေနဲ့ မဆိုင်ဘူး၊ မိမိရဲ့ တပ်မက်မှုက စကားပြောသွားတာ၊ သူ့ဟာသူ ရည်းစားတွေ ဘယ်လောက်ရှိရှိ ငွေစင်က တစ်ပိုင်းသေအောင်ပဲကြိုက်နေနေ သူကိုယ့်ကိုချစ်ဖို့ က အဓိက၊ အခုညည်းကို ငါကဒီယောက်ျားနဲ့ သွားတွေ့ပါ ၊ ခယပါလို့ ပြောနေတာ မဟုတ်ဘူး ၊ သူ့မိဘနဲ့ ငါ ကြောင်းလမ်းမှာ ၊ ခံ့ခံ့ညားညား စေ့စပ်ပေးမှာ "

"သူက လက်ခံဖို့ မလိုဘူးလားမေမေ၊ ပြီးတော့ မမငွေစင်နဲ့ ချစ်နေကြပြီဆိုရင်..."

"တိတ်စမ်း"

ဒေါ်ခတ္တာက ဒေါသထွက်သွားသည် ။ မပြောချင်ပါဘူးဆိုမှ ဓာတ်ပြားဟောင်းတစ်ချပ်ကိုပဲ ပြန်ပြန်ဖွင့်ဖို့ အကြောင်းတွေ ဖြစ်လာနေပါသည် ။

ဒီလို ဘာမဟုတ်တာလေးကို မပြောနဲ့ ဦးဘစိုးဆိုသည့် ဒေါ်မျိုးချုပ်ကိုလည်း ဆုံးရှုံးသွားခဲ့သည် ၊ ဒေါ်ကြယ်စင်ကိုလည်း လိုက်ရဘဲ ပြီးဆုံးသွားခဲ့၏။

ပြီးတော့ အိမ်ဖော်ဒေါ်ခတ္တာကနေ ဦးဘစိုး၏ ဇနီး ဒေါ်ခတ္တာဖြစ်လာခဲ့သည် ။

ဒီစံအိမ်ကြီးတစ်ခုလုံးကို ကိုင်လှုပ်ပစ်ခဲ့တာ ဘယ်သူလဲ။ အဲဒီလက်ပိုင်ရှင်ဟာ ငါတို့ အမေပါလားလို့ များ မတွေးမိကြဘူးလား။

အားမလိုအားမရနှင့် တက်ခေါက်လိုက်မိ၏။

"ငွေစင်ခဆိုတဲ့ မိန်းကလေးလောက်ကို ငါကစာဖွဲ့နေရမှာ လား မိ

မာ၊ ဒီတစ်ခါထပ်ပြောရင် ပြောတဲ့ ပါးစပ်ကို သွေးထွက်အောင်ရိုက်ပစ်လိုက်မယ်၊ မလုပ်ဘူးမထင်နဲ့ ၊ ဟွန်း..."

ဒေါ်ခတ္တာ ဟိုဘက်မှာ အဆင်မပြေသမျှ သမီးဆီမှာ ပဲ လှိမ့်ပြီးပေါက်ကွဲနေခဲ့၏။ လူတစ်ဦးတစ်ယောက်အပေါ်မှာ မဟုတ်မဟတ်ကြံစည်နိုင်ခြင်းဟာ ခံရသူဘက်က ကံတရား၏ ကူညီရိုက်ပုတ်ခြင်းကြောင့်လည်း အောင်နိုင်ခြင်းဖြစ်နိုင်သည် ။ သို့တည်းမဟုတ်...

ထိုတစ်ဖက်၌ တစ်စုံတစ်ရာ ပြိုကွဲစပြုနေသော အကြောင်းတစ်မျိုးမျိုးရှိနေသဖြင့် ကြံစည်ရလွယ်ခြင်းမျိုးကို ဆိုလိုသည် ။

ဟိုတုန်းက ကိုယ့်ဘဝ နင်းပြားဖြစ်ခဲ့သော်လည်း ဘာပဲစိတ်ကူးစိတ်ကူး အကောင်အထည်ဖော်လို့ လွယ်သည် ။ တစ်ဖက်သားအပေါ် ကောင်းခြင်း၊ ဆိုးခြင်း ဘာကိုဖြစ်ဖြစ် လက်ဖျစ်တစ်တွတ်မှာ အားလုံးပြီးမြောက်၏။

ဒေါ်ခတ္တာဆိုသည့် နာမည်တစ်လုံးနှင့် ရွှေစံအိမ်ကြီးပေါ်မှာ အခန့်ထိုင်နိုင်ပြီဆိုတော့မှ ...။ ဒီနေ့ မနက်ဖြန် သေတော့မလိုပုံစံ ခပ်ယိုင်ယိုင်အရက်သမားက မာကျောကျော။

ငွေစင်ခဆိုသည့်မိန်းကလေးက တစ်မျိုး။ အောက်ကနေပြီး ကြောက်ပြီလား ပြန်မေးသည့်လူလို။ အနှစ်ချုပ်ဆိုသော အတည်ကြီးပျက်မကစွာတေးလန်။

"တောက်"

အတွေးထဲမှာ အိမ်ရှိလူအကုန်ကို တန်းစီဆဲရေးလိုက်ပြီး တက်ခေါ

က်မိပြန်သည် ။ ပြီးတော့ ကိုင်ထားသည့်ငါးမုန့်ကို ပန်းကန်ထဲမဟုတ်ဘဲ ကျချင်သလိုကျ ပြန်ပစ်ထည့်လိုက်ကာ...

"ကိုယ့်သားသမီးကတောင် မယုံကြည်တဲ့ ကိစ္စ ငါဘယ်သူ့ကိုနှိပ်ကွပ်လို့ ရတော့မှာ လဲ။ ငွေစင်ခဆိုတဲ့ ကောင်မလေးကို ဟိုအစတုန်းက ငါအရေးပေးခဲ့တာ မှန်တယ်၊ သူ့အမေနဲ့ ငါ အပေးအယူတွေရှိခဲ့လို့ လေ၊ ဒါကိုသင်းက မသိဘူး၊ သူ့အမေ မေတ္တာစံအိမ်ကြီးပေါ်ကို ခြေတောင်မချလိုက်ရဘဲ ပျဉ်ထောင်အိမ်စုတ်လေးထဲမှာ မလှမပ သေသွားရတာ ဘယ်သူ့ကြောင့်လဲဆိုတာ သဘောမပေါက်ဘူး"

"ဘာပဲဖြစ်ဖြစ် မေမေအရေးပေးခဲ့တာတော့ အမှန်ပဲလေ"

ဒြာက ဝင်ပြောပြန်သည် ။ မေမေ ဒေါသထွက်နေတုန်းမို့ မာက ဒြာ့ခြေထောက်ကို စားပွဲအောက်ကနေ လှမ်းတို့ သည် ။ ဘာပဲဖြစ်ဖြစ် ဒြာက ပြောလက်စမို့ မရဲတရဲနှင့်ဘဲ ဆက်ပြောလိုက်၏။

"ပြီးတော့ သူက သမီးတို့ ထက် သုံးနှစ်လောက်ကြီးတယ်၊ ငယ်ငယ်ကတည်းက ရိုသေလာခဲ့တဲ့ အရှိန်နဲ့ သူငြိုငြင်ရင် ပြိုင်ဆိုင်မပြောရဲဘူး"

"အမယ်လေး ဖြစ်ရလေ မိဒြာရယ်"

ဒေါ်ခတ္တာ ရင်ဘတ်ကို ဖျန်းခနဲမြည်အောင်ပုတ်ပစ်လိုက်ပြီး ထိုင်လျက်ကနေ ခါးထောက်၏။

"ညီအစ်မချင်းကျတော့ အကြီးမှန်းမသိ၊ အငယ်မှန်းမသိ ပြန်ခံပြောလိုက်တာ ပက်ခနဲ ပက်ခနဲနဲ့ ၊ ဒါကျမှ ကြောက်တယ် ဟုတ်လား"

ဒြာက နှုတ်ခမ်းလေးစူပြီး ခေါင်းငုံ့ပစ်သည် ။ ညီအစ်မနှစ်ယောက်စလုံး ဆံပင်တွေ ကျောလယ်အထိရှည်ကြသည် ။ နောက်ထပ်တူတာက မေမေဆူပြီဆို ဆံပင်တွေ မျက်နှာကွယ်သွားတဲ့ အထိ ငုံ့ချပစ်လိုက်ခြင်း

ပဲဖြစ်သည် ။

ပြီးတော့ မာက အရပ်မြင့်မြင့်၊ ဒြာက အရပ်ခပ်တိုက်တိုက်ပဲဖြစ်သည် ။ ထို့ပြင် မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးပြူးပြူးလေးမှာ မာစ်ကာရာတွေ တအားသုံးသဖြင့် မျက်လုံးချည်းပဲ အရမ်းလှကာ တချို့ကောင်လေးတွေက 'မျက်နှာတစ်ခုလုံးမှာ မျက်လုံးပဲမြင်ရတယ်'ဟု စနောက်သွားတတ်ကြ၏။

ဒါက ဒြာ့၏ ထူးခြားချက်လေးဖြစ်သည် ။ မာကျတော့ ဆံပင်ပိုထူပြီး မျက်နှာလေးက သေးသည် ။ မျက်ဝန်းလေးတွေမှေးကာ နှုတ်ခမ်းသားအရောင်ကို အနုစိပ်ချယ်မှုန်းတတ်သူမို့ နှုတ်ခမ်းကပဲ အထူးသဖြင့်လှ၏ ။

နှစ်ယောက်စလုံးမှာ ချစ်စရာလေးတွေဟု ဆိုနိုင်ပေမယ့် သိပ်လှကြတာတော့မဟုတ်ပေ။ ကိုယ့်သမီးတစ်ယောက်စီကိုကြည့်ကာ ငွေစင်ခကို ဒေါ်ခတ္တာ သတိရလာသည် ။

ဆံပင်တွေ တင်ပါးထိရှည်ပြီး နဖူးကျုပုံ၊ နှုတ်ခမ်းလှပုံ၊ ကိုယ်လုံးက အစ ရုပ်ရှင်မင်းသမီး နန္ဒာလှိုင်နှင့် တော်တော်တူ၏။

ဘာမှ သိပ်မပြင်ဆင်ရဘဲ လှနေတာမို့ ဒီမိန်းကလေးကိုမြင်ရတိုင်း ဒေါသစိတ်က ရင်ထဲမှာ အမြဲဖြစ်သည် ။ ထို့ပြင် သူမ၏ အမြဲတမ်းအောင်နိုင်သူဖြစ်နေသလို ဂရုမစိုက်သည့်အပြုံးက မခံချင်စရာ။

ချုပ်က စကားနည်းသည် ။ ဘယ်သူနဲ့ မှ ရင်မဆိုင်ဖြစ်အောင် ခပ်ရှောင်ရှောင်နေ၏။ ငွေစင့်လို မချိုမချဉ်မဲ့ပြုံးနှင့် အမြဲတမ်းရှိနေတတ်သူ မဟုတ်ပေ။

ငွေစင်က စကားအနိုင်လုပြောပြီဆို နိုင်အောင်ပြောသည် ။ သူများ

စွေ့စွေ့ခုန်ပြီဆို ရှောင်ထွက်သွားတတ်လေသည် ။ ချုပ်ကတော့ မပြောဖြစ်အောင်နေတတ်တာပဲရှိကာ ဒေါသဖြစ်ပြီဆိုတာနှင့် လက်က ရှေ့ရောက်နေတဲ့ သူ။ ဒီအိမ်မှာ မိန်းကလေးတွေ အပြိုင်းအရိုင်း လေး ယောက်ရှိပြီး တစ်ယောက်တစ်ဘာသာစီ ဖြစ်၏။

ထိုတစ်ဘာသာစီထဲမှာ ဒေါ်ခတ္တာ ကိုယ့်သမီးကိုပဲ အားမရနိုင်။

ဖျင်းတယ်ဆိုရင်လည်း သုံးမရအောင်ဖျင်းလိုက်တော့၊ တော်ပြီဆိုရင် သူများ ထက် နှာတစ်ဖျားတော့သာစေချင်သည် ။ ခုတော့ အထက်မရော က်၊ အောက်မကျ။ ဒီကိစ္စကို စီစဉ်ခဲ့တာလည်း ငွေစင့်ကို ဘယ်တော့မှ အနိုင်မယူခဲ့ရသည့် ကိုယ့်သမီးတွေအတွက် ကျကျနနနိုင်စေချင်တာဖြစ် သည် ။ ကိုယ်လိုချင်တာ ဒါပါပဲ။

မိဘက အစကအဆုံး လမ်းခင်းပေးတာတောင်မှ မျက်မှန်ပေးပါ။ တောင်ဝှေးပေးပါနဲ့ သင်းက...

"ကဲ... ငါတစ်ခွန်းပဲမေးတော့မယ် မိမာ၊ ညည်းဖြေစမ်း၊ ဒြာ ဘာမှ ဝ င်မပြောနဲ့ "

မာက စိတ်ညစ်သည့်မျက်နှာလေးနှင့် မော့လာ၏။

"ငါပေးစားတဲ့ ယောက်ျားကို ညည်းယူမှာ လား၊ မယူဘူးလား"

"သမီးက လိုချင်ပါတယ်၊ ဒါပေမဲ့..."

"တော်ပြီ"

ကိုယ်ဒေါသကိုထိန်းချုပ်၍ ဒေါ်ခတ္တာ နေရာမှ ထလိုက်မိသည် ။

မဟုတ်လျှင် ဒီကောင်မလေးကို ပြေး၍ ရိုက်မိတော့မလားမသိ။ လိုချင်ပါတယ်၊ ဒါပေမဲ့... တဲ့ ...

***